# ဆရာတော်အရှင်မဟောသဓပဏ္ဍိတ၏ဘဝဖြစ်စဉ်အကျဉ်း

ဆရာတော်သည် ၁၉၄၂–ခု၊ ဖေဖော်ဝါရီလ (၅)ရက်နေ့တွင် စစ်ကိုင်းတိုင်း၊ မုံရွာခရိုင်၊ ဘုတလင်မြို့နယ် ဗသျှူးကျေးရွာ၌ ဖွားမြင်သည်။ ညီအစ်ကိုမောင်နှမ ခြောက်ဦးရှိရာ အငယ်ဆုံးဖြစ်သည်။ မိဘတို့မှာ ဦးထွေး– ဒေါ်ငွေယုန်တို့ဖြစ်ကြသည်။

၁၉၅၂–ခု အသက်(၁၁)နှစ်အရွယ်တွင် အမရပူရမြို့၊ မဟာဂန္ဓာရုံကျောင်း တိုက်၊ ဘာသာဗိုဒ္ဓိကာကျမ်းပြု အကျော် ဆရာတော် အရှင်ဇနကာဘိဝံသ ထံရောက်ရှိ ပညာသင်ကြားသည်။ ၁၉၆၁ခု၊ ဇွန်လ ၂၇ ရက်နေ့ (အသက်၂၀ တွင်) မဟာဂန္ဓာရုံ ဆရာတော် အရှင်ဇနကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ၊ ဒုတိယ ရွှေကျင်သာသနာပိုင်)ကို ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သောရဟန်းအဖြစ်သို့ ရောက်ရှိသည်။

၁၉၆၂–ခုနှစ်၊ ရဟန်း ၂–ဝါအရတွင် နိုင်ငံတော်အစိုးရကျင်းပသည့် ငယ်၊ လတ်၊ ကြီး၊ ဓမ္မာစရိယတန်းများကို အောင်မြင်သဖြင့် **"သာသနဓဇ ဓမ္မာစရိယဘွဲ့"** ကိုရရှိခဲ့သည်။ သာမဏေဘဝတွင်လည်း ၁၇နှစ်အရွယ်တွင် မန္တလေးပရိယတ္တိအသင်း မှ ကျင်းပသည့် သာမဏေစာလျှောက်မေးခန်း၌ ပ ဒု တ သုံးဆင့်လုံး အောင်မြင်သဖြင့် **"ပရိယတ္တိသာသနာလင်္ကာရသာမဏေကျော်"** ဟူသောဘွဲ့တော်ကို ရရှိခဲ့သည်။

မဟာဂန္ဓာရုံကျောင်းတိုက်၌၄င်း၊ စစ်ကိုင်းတောင်ရိုး၊ ဝေဇယန္တာချောင်၌၄င်း စာချဘုန်းကြီးဘဝဖြင့် ရဟန်း သာမဏေတို့အား နှစ်ပေါင်း၃၀–တိုင်တိုင် စာပေများပို့ချသင်ကြားပေးခဲ့သည်။ မင်းကွန်းတိပိဋကဆရာတော်ကြီးနှင့် သီတဂူဆရာတော်တို့၏ တိုက်တွန်းမှုကြောင့် မန္တလေးမြို့၊ မလွန်ဈေး ဆန်လှူအသင်းကြီး၏တရားပွဲများ ၌ ၁၀–နှစ်တိုင်တိုင် မြန်မာပြည်အနှံ့လှည့်လည်၍ **"မလွန်ဓမ္မကထိက"**အဖြစ် တရားဓမ္မများ ဟောကြားပေးခဲ့သည်။

၂၀၊ ၀၃၊ ၈၇–ခု၊ အသက်(၄၅)နှစ်အရွယ်တွင် (၅)နိုင်ငံ ဘုရားဖူးနှင့် လေ့လာ ရေးခရီးထွက်ခဲ့ရာမှ သီရိလင်္ကာနိုင်ငံ၊ ကိုလံဘိုမြို့၊ မကုဋာရာမ မြန်မာကျောင်း၌ ၃–နှစ် (၁၉၉၀–ခုနှစ်)အထိ နေထိုင်ခဲ့သည်။ ထိုသို့နေထိုင်စဉ်ဂန္ထကုဋီတိုက်တည်ဆောက်ခြင်း၊ ကျောင်းအဝင် မုခ်ဦးကြီးဆောက်လုပ်ခြင်း စသည်ဖြင့် မြန်မာ သဘော်သားများ၊ UN မှပုဂ္ဂိုလ်များ၊ သံရုံးဝန်ထမ်းများစည်းရုံး၍ မြန်မာပိုင် ကျောင်းတိုက်ကြီး ခန့်ညားတည်တံ့အောင် ဆောက်ရွက်ခဲ့ပါသည်။

နယူးယောက်မြို့"အမေရိကန် မြန်မာဗုဒ္ဓဘာသာ"အသင်းကြီးနှင့် ဆရာတော်အရှင်ကုဏ္ဍလ၏တွဲဘက်သာသနာပြုရန် ဖိတ်ကြားမှုကြောင့် ၁၉၉၁ခု– မတ်လ (၃၀) ရက်နေ့တွင်အမေရိကန်သို့ရောက်ရှိခဲ့သည်။ နယူးဂျာစီမှာ ကျောင်းခွဲကို ဝယ်ယူတည်ထောင် နိုင်သည်အထိ ငါးနှစ်တိုင်တိုင် ဆရာတော် အရှင်ကုဏ္ဍလ, ဆရာတော် ဦးအဘယာလင်္ကာရတို့နှင့် တွဲဖက်သာသနာပြုခဲ့သည်။

ဝါရှင်တန်ဒီစီ၊ မင်္ဂလာရာမကျောင်းမှ ဆရာတော်ဦးကေလာသ နေထိုင်မကောင်း၍ကူညီစောင့်ရှောက်လျက်တွဲဖက်သာသနာပြုရန် ဆရာတော် ဦးကေလာသ က ပင့်သဖြင့် ၁၉၉၅–ခု၊ အောက်တိုဘာ ၃–ရက်နေ့တွင် ဝါရှင်တန်သို့ရောက်ရှိသည်။ မင်္ဂလာရာမကျောင်းတွင် တစ်နှစ်နှင့် ၂၄–ရက်မျှ နေထိုင်ပြီးနောက် ဆရာတော် အရှင် ကေလာသ၏တာဝန်ပေးချက်အရ၁၉၉၆–ခုနိုဝင်ဘာလသုံးရက်နေ့တွင် ကိုလန်ဘီယာမြို့လေး၌ **'အရှင်ကေလာသကျောင်းတိုက်'**ကို စတင်တည်ထောင် သည်။

ငွေကြေးပြည့်စုံလာသောအခါ ဘောလ်တီးမိုးမြို့ အိုးလ်ကုတ်လမ်းရှိ အမှတ် ၉၇၁၁ (၆ . ၆ ဧက) မြေကို အကြွေးမရှိ ဝယ်ယူခဲ့သည်။ ၁၉၉၇–ခု၊ မတ်လ ၉–ရက်နေ့တွင် ကိုလန်ဘီယာမြို့လေးမှ ပြောင်းရွှေ့၍ ဘောလ်တီမိုးမြို့ 'အရှင်ကေလာသ ကျောင်းတိုက်' မှာ နေထိုင်ခဲ့သည်၊ အရှင်မဟောသဓပဏ္ဍိတသည် အရှင်ကေလာသ ကျောင်းတိုက်ကို စတင် တည်ထောင်ခဲ့သည့် Founder ဖြစ်ရုံမျှမက ဉာဏ်တော် အမြင့် ၇–ပေ၊ (လက္မ ၉၀)၊ ရင်အုပ်တော် ၃–ပေ ၆–လက္မ၊ ဒူးတော်အကျယ် ၄–ပေခွဲရှိသည့် စကျင်ကျောက် (Marble Stone)ဖြင့် ထုလုပ်ထားသည့် ကျောက်သား ဆင်းတုတော်ကြီးကိုလည်း အမေရိကန်ရောက် မြန်မာများဖူးမြော်နိုင်အောင် မြန်မာပြည်မှ ပင့်ဆောင်ပေးခဲ့သည်။

၂၀၀၀–ခုနှစ် မတ်လ ၃၀–ရက်နေ့တွင် သီတဂူဆရာတော်၏ တာဝန် ပေးချက်အရ တက္ကဆက် ပြည်နယ်၊ အော်စတင်မြို့၊ သီတဂူ ဗုဒ္ဓဝိဟာရသို့ ပြောင်းရွှေ့ သတင်းသုံးခဲ့ရပြန်သည်။ တနင်္ဂနွေနေ့တိုင်း ယောဂီများ လာရောက်တရားထိုင်ခြင်း၊ ကလေးသူငယ်များအတွက် Sunday School ဖွင့်ပေးခြင်း၊ တရားဓမ္မများ အခါ အားလျော်စွာ ဟောပြောပေးခြင်းစသော သာသနာပြု လုပ်ငန်း များအခြေ ကျအောင် ဆောင်ရွက်ပေးခဲ့သည်။ ထို့အပြင် စီတီးရေရရှိရေး၊ ၁၆ဧကရှိ ကျောင်းပရဝုဏ်အတွင်း၌ ရွှေစည်းခုံစေတီတော်ကြီး တည်ဆောက်နိုင်ရေး အတွက် သီတဂူဆရာတော်၏ ဦးဆောင်ညွှန်ကြားမှုဖြင့် ဆောင်ရွက်လျက်ရှိပါသည်။

၂၀၀၂ခု၊နိုဝင်ဘာလ(၁၁)ရက်နေ့တွင်မြန်မာပြည်သို့ခေတ္တပြန်ရာသီတဂူဆရာတော်က 'သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်'၌ အုပ်ချုပ်ရေး တာဝန်ယူ၍ ဆောင်ရွက် ပေးပါရန် မေတ္တာရပ်ခံသဖြင့်၂၀၀၅ခု၊ ဒီဇင်ဘာလ ၂၁ရက်နေ့အထိ နေထိုင်ခဲ့ရသည်။ ထိုသို့နေထိုင်စဉ် ပါဠိဒီပလိုမာ

သင်တန်း (Elementary) နှင့် (Intermediate) ဟု၂ တန်းခွဲ၍ ရဟန်း၊ သာမဏေ၊ သီလရှင်များ နှင့် ၁၀တန်းအောင်ပြီးသော ကျောင်းသူ၊ ကျောင်းသားများကို သင်ကြားပေးခဲ့သည်။

မွေ့ဗုဒ္ဓပါဠိပုဒ်စာစောင်တွင်ပင်တိုင်ဆောင်းပါးရှင်အဖြစ် ၃နှစ်ကျော်မျှရေးသားခဲ့ သည်။ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း များ၌လည်း ကဗျာနှင့်ဆောင်းပါးများရေးခဲ့သည်။ အမေရိကန်၌လည်း လောကချမ်းသာစာစောင်၊ မင်္ဂလာဂျာနယ်၊ ကေလာသဂျာနယ်နှင့် သီတဂူ ဗုဒ္ဓဝိဟာရ သတင်းလွှာတို့ကို ဦးစီးထုတ်ဝေခဲ့သည်။

ယနေ့ထိ ဆရာတော်ရေးသားပြုစုခဲ့သည့်စာအုပ်များမှာ–

၁။ ဘဝအတွေ့ ဘဝအမြင် (အုပ်ရေ ၅၀၀၀)

၂။ အရှင်ဇနကာဘိဝံသ၏ နံနက်ခင်းသြဝါဒများ (စတုတ္ထအကြိမ်)

၃။ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ

၄။ သားလှရွှေစင်ကဗျာများ

၅။ ဓမ္မစက္ကပဝတ္တနသုတ္တန်

၆။ အမှတ်တရပေးစာများ

၇။ မဃဒေဝလင်္ကာသစ်အဖွင့်ကျမ်း (ပ–တွဲ၊ စာမျက်နှာ ၄၀၀ကျော်)

၈။ စူစန်ဟတ် နှင့် သီတဂူဆရာတော် တို့ဖြစ်သည်။

ဤသို့လျှင်နှစ်ပေါင်း၃၀ကျော် စာပေပရိယတ္တိပို့ချသင်ကြားပေးခြင်း၊ ကျမ်းစာများရေးသားခြင်း၊ သာသနာတော်အတွက် ဆောင်ရွက်ခြင်းတို့ကြောင့် ၂၀၀၄ခုနှစ်တွင် နိုင်ငံတော်အစိုးရက စာချဘွဲ့တွင်အမြင့်ဆုံး ဖြစ်သည့် **"အဂ္ဂမဟာ ဂန္ထဝါစကပဏ္ဍိတ"** ဘွဲ့တံဆိပ်တော် နှင့် ၂၀၀၇ ခုနှစ်တွင် **"အဂ္ဂမဟာ ပဏ္ဍိတ"** ဘွဲ့တံဆိပ်တော် တို့ကိုကပ်လှူခဲ့သည်။ ယခုအခါ အမေရိကန် ပြည်ထောင်စု၊ တက်ဆက်ပြည်နယ်၊ အော်စတင်မြို့၊ သီတဂူဗုဒ္ဓဝိဟာရ ၌သီတင်းသုံး သာသနာပြုလျက်ရှိပါသည်။